22130519

International Baccalaureate®
Baccalauréat International
Bachillerato Internacional

**BURMESE A: LITERATURE – STANDARD LEVEL – PAPER 1**
**BIRMAN A : LITTÉRATURE – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A: LITERATURA – NIVEL MEDIO – PRUEBA 1**

Wednesday 8 May 2013 (morning)
Mercredi 8 mai 2013 (matin)
Miércoles 8 de mayo de 2013 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a guided literary analysis on one passage only. In your answer you must address both of the guiding questions provided.
- The maximum mark for this examination paper is *[20 marks]*.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez une analyse littéraire dirigée d'un seul des passages. Les deux questions d'orientation fournies doivent être traitées dans votre réponse.
- Le nombre maximum de points pour cette épreuve d'examen est *[20 points]*.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un análisis literario guiado sobre un solo pasaje. Debe abordar las dos preguntas de orientación en su respuesta.
- La puntuación máxima para esta prueba de examen es *[20 puntos]*.


© International Baccalaureate Organization 2013

https://xtremepape.rs/

*လမ်းညွှန်ပေးထားသည့်မေးခွန်းများအပေါ် အခြေခံပြီး အောက်ပါတို့အနက်မှ* ***တစ်ခု****အပေါ် စာပေသုံးသပ်ချက် ရေးပါ။ သင့်အဖြေမှာ ပေးထားသည့်လမ်းညွှန်မေးခွန်းနှစ်ခုစလုံးကို ထည့်သွင်းဖြေဆိုထားရပါမည်။*

**1.**

လူပေါင်းများစွာတို့၏ မျက်လုံးအစုအဝေးအောက်တွင် အညှံ့ခံ၍ အရှုံးပေးသူရဲဘောနည်းခဲ့ရသည့် ထွန်းအိမ်မှာ အလွန်ကျဉ်းမြောင်း၍ လူတစ်ယောက်မှ မမြင်နိုင်သော လေးထောင့်စပ်စပ် အခန်းငယ်ကလေးအတွင်း၌မူ မိုက်သွေးများ ပွက်ပွက်ဆူ၍ မိုက်စိတ်များ အူအူလဲကာ တကယ့်သူရဲကောင်းကြီးတစ်ယောက် ဖြစ်လာရပြန်၏။

ရန်ပွဲအလယ်၌ ဦးခေါင်းငုံ၍ အညှံ့ခံအရှုံးပေးကာ ထွက်ပြေးခဲ့ရသော သိုးသူငယ်ကလေးသည် ယခုတွင်မူ တောသေလာတို့၏ ဘုရင် ကေသရာဇာခြင်္သေ့မင်းတို့၏ အသွင်ဖြင့် ယခင်ကကဲ့သို့ မိုက်မာန်မိုက်သွေးများ ဗလောင်ဆူကြွလာကာ ယခုမှပင် ထွန်းအိမ်၏ဝိညာဉ်စစ်စစ်တို့သည် ထွန်းအိမ်တစ်ကိုယ်လုံးအား လွှမ်းမိုးစပြုလာ၏။

ရက်ဖွယ်ကောင်းလှချေတကားဟူသော စိတ်အစဉ်များကလည်း မရပ်မနားချောက်ချားစပြုလာပြီဖြစ်ရာ ထွန်းအိမ်မျက်လုံးများသည် ပြာရာကမည်း၍ မည်းရာကပြာဝေလာကာ သူ့မျက်လုံးများအထဲတွင် ဘာကိုမျှမမြင်ရတော့ဘဲ သစ်ပင်ကြီးများ တစ်ပင်ပြီးတစ်ပင် လဲကျလောက်အောင် ပြင်းထန်စွာတိုက်ခတ်နေသည့်မုန်တိုင်းကြီး၏အဆုံးတွင် အမှောင်ထုကြီးများ သိပ်သည်းစွာဖုံးလွှမ်းလာသကဲ့သို့ ထွန်းအိမ်၏မျက်မြင်မျဉ်းတန်းများနှင့် မြင်ကွင်းအားလုံးတို့သည် မည်းကြုတ်မှောင်မိုင်းသော မဟူရာအနက်ရောင်လဟာပြင်ကြီးများ ဆီးတားပိတ်ဆိုင်း၍လာလေသည်။

သည့်နောက်တွင်မူ ထွန်းအိမ်၏လက်များသည် အကြောများ ပြိုင်းပြိုင်းထ၍ တုန်ရီစပြုလာကာ တစ်စုံတစ်ခုကို မပြုလုပ်ရလျှင် မရောင့်ရဲမကျေနပ်နိုင်သကဲ့သို့ အမြီးပြတ်အိမ်မြှောင်ငယ်ပမာ လက်ဆစ်ရင်းသို့ သွေးများ တဒိတ်ဒိတ် တိုးဆောင့်လာတိုင်း မငြိမ်မသက် လှုပ်ရှားနေ၏။ ရေနံချေးရောင်မှိုင်းမှိုင်းသုတ်ထားကာ ကြောင်လိမ်မှန်စီကွက် ရက်ထားသည့် ထရံပေါ် ရှိ သမင်ချိုပေါ်တွင် ခပ်စွေစွေချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားပေါ်သို့ ထွန်းအိမ်မျက်လုံးများ ကျရောက်သွားသည့် တစ်ခဏ၌ ထွန်းအိမ်မျက်လုံးများသည် ရှိုင်းနက်ဝင်းပြောင်၍ ပြူးကျယ်တောက်ပြောင်လာကာ သမင်ချိုကပ်ထားသောထရံဆီသို့ လှစ်ခနဲအပြေးရောက်သွားပြီး ငှက်ကြီးတောင်ဓားကို တအားဆွဲယူလိုက်ရာ သမင်ချိုတွင် ဓားလွတ်အိမ်သာ တလှုပ်လှုပ်ခါရမ်း၍ ကျန်ခဲ့လေသည်။

ဓားကိုင်နေကျ ထွန်းအိမ်လက်သည် ဓားအကြောင်းကို သိနေ၏။ ဓားကိုပိုင်ပိုင်နိုင်နိုင်ကြီး ကိုင်လိုက်ရသောအချိန်တွင် တအားလည်းတက်လာ၏။ အကယ်၍သာ စောစောကဝိုင်းအုံကြည့်နေကြသော ရန်ပွဲလာပရိသတ်များသည် ယခုအချိန်၌သာ ထွန်းအိမ်ကိုတွေ့ကြရလျှင် ယခုထွန်းအိမ်သည် ယခင်ကတစ်ကျွန်းပြန်လူမိုက်ကြီးထွန်းအိမ်နှင့် ဘာမျှပြောင်းလဲခြားနားသည် မဟုတ်ကြောင်း တွေ့ရှိကြရကာ ထွန်းအိမ်မျက်နှာကို ရဲရဲပင် မော်၍ကြည့်ဝံ့ကြမည် မဟုတ်ချေ။

လူသားတစ်ယောက်ဖြစ်သော လူမိုက်ထွန်းအိမ်၏ ဗီဇကလာပ်စည်းတွင် ဇာတိမာန်သည် အချုပ်အခြာဖြစ်ခဲ့၏။ ထိုဇာတိမာန်သည် အသည်းကြီးသူတို့အတွက် အကြီးဆုံးတန်ဖိုးထားရမည့်ဇာတိမာန်ကို အရှက်တရားတို့က ဦးချိုးနှိမ်နင်းလိုက်သောအခါတွင်ကား ထွန်းအိမ်ဘဝသည်လည်း ဆုံးရှုံးရပြီးသားဖြစ်လေသည်။ ဤအရှုံးကို ထွန်းအိမ်က ဆယ်ရပေမည်။

ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်းက အညှံ့ခံအရှုံးပေးခဲ့ရသော ဖြစ်ရပ်များကို ပြန်လည်သုံးသပ်မိသည့် တစ်ခဏတွင် အရှက်တရားတည်းဟူသော စိတ်အစဉ်တို့သည် ထွန်းအိမ်၏နှလုံးသားထဲသို့ တဒီးဒီး အော်မြည်၍တက်လာသော ပင်လယ်ဒီရေပမာ တစ်ကိုယ်လုံးဆတ်ဆတ်ခါ၍ မခံမရပ်နိုင်အောင် စိုးမိုးဖိစီးလာသည့်အဆုံး၌ ထွန်းအိမ်မျက်လုံးထဲတွင် အရာဝတ္ထုအားလုံးတို့သည် ချာချာလည်၍ မူးနောက်ရီဝေစပြုလာပြီး ငှက်ကြီးတောင်ဓားကို တအားမြှောက်၍ ဝှေ့လိုက်ကာ တွေ့ရာမြင်ရာပစ္စည်းတို့ကို အပိုင်းပိုင်း ခုတ်ချလိုက်မိလေသည်။

ဒေါ်င်းနွယ်ဆွေ၊ *တစ်ကျွန်းပြန်ထွန်းအိမ်*၊ (၁၉၅၇)

(က) ထွန်းအိမ်၏စရိုက်အပေါ် သင်နားလည်သဘောပေါက်ပုံနှင့် ဤစာပိုဒ်တွင် ၎င်း၏ခံစားချက်များကို တင်ဆက်ထားပုံကို ဆွေးနွေးပါ။

(ခ) စာဖတ်သူများ၏ စိတ်ဝင်စားမှုကို ဆွဲကိုင်ထားနိုင်ရန် စာရေးဆရာက ပုံရိပ်များကို မည်သို့အသုံးပြုထားသည်ကို ဆွေးနွေးပါ။



https://xtremepape.rs/

**2.**

## ပုသိမ်

နှစ်လုံးတည်းသောအမည်က
တစ်လုံးမှ စိတ်ချမ်းသာစရာမကောင်း
နှစ်လုံးပေါင်းပြီးရင်ကော့ထားတာတောင်
ခါးက ကျိုးကျိုးကျတဲ့မြို့။

မိတ်ကပ်လူး ပေါင်းတင်
အပြင်အဆင်အခြယ်အသတွေ ဗန်းပြပြီး
လူအဝင်အထွက်များသလောက်
ထမင်းနပ်မမှန်တဲ့မြို့။

သူ့ခါးပတ်နဲ့တူတဲ့လမ်းမကြီးတွေ
စီးစီးပိုင်ပိုင်ပတ်
ညစ်ထပ်ထပ် သူ့ခေါင်းပေါ်မှာ
ဓာတ်ကြိုးတွေနဲ့ ဖုန်းကြိုးတွေ စုချည်
တီဗီအင်တာနာတွေ ပန်းလိုပန်
ဂျင်းဘောင်းဘီဝတ်ပြီး
ခုံဖိနပ်စီးတဲ့မြို့။

မျိုးရိုးစဉ်ဆက်
အရှက်ရစရာအမာရွတ်တွေ
ဖုံးဖိထားရတဲ့ကြား
နှစ်ကိုယ်ကြားစကားတီးတိုးပြောရင်
သူ့အကြောင်းကိုယ်ဖော်
ကိုယ့်အကြောင်းသူဖော်ပြီး
ဘူးပေါ်သလို ပေါ်တဲ့မြို့။

သူ့ဝမ်းပိုက်ထဲက
စပါးကျီကြီး ပုတ်ပုတ်ပြပြီး
အချေးအငှားသိပ်ထူ
ဒါကိုပဲဂုဏ်ယူလို့မဆုံး
သူ့ကိုယ်လုံးပေါ်မှာ
ပြွတ်သိပ်လှုိက်စားတာကို
မှန်ကြည့်ရင်းလက်သိပ်ထိုးကျေနပ်
နှာခေါင်းချွန်ချွန်ကို ပွတ်သပ်
စမတ်ကျနေပုံများ
သူ့အစာအိမ်ကို အလုပ်အကျွေးပြုတဲ့
လက်တွေမှာတော့
တစ်သောင်းတစ်မတ်နဲ့
ဖျပ်ဖျပ်လူးဆာလောင်နေတဲ့မြို့။

ဝင်းမြင့်၊ *ပုသိမ်၊* (၂၀၁၁)

(က) ဤကဗျာအရ ပုသိမ်မြို့ကို မည်ကဲ့သို့သောမြို့ တစ်မြို့ဖြစ်ကြောင်း သင်နားလည်သဘောပေါက်သည်ကို ဆွေးနွေးပါ။

(ခ) ကဗျာဆရာ၏ သင်္ကေတများ အသုံးပြုပုံကို ဝေဖန်ဆွေးနွေးပါ။



https://xtremepape.rs/